၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ **General Xu Caihou** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ သူရဦးအေးမြင့်၊ ဦးသိန်းဆွေ၊ ဦးစိုးနိုင်၊ ဦးသူရိန်ဇော်၊ ဦးဝင်းစိန်၊ ဗိုလ်မှူးကြီးဌေးနိုင်နှင့် ဗိုလ်မှူးကြီးတင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပျော်ဘွယ်-ဘုရားငါးဆူဒေသ၌ စက်ရေတွင်း ၈၉တွင်း တူးဖော်ပြီးစီး၊ သီးနှံများတိုးတက်စိုက်ပျိုးနိုင်သဖြင့် တောင်သူများ ဝင်ငွေတိုး။ (စာ - ၁၂)

သုတဘဏ်စာကြည့်တိုက် ရမ်းဗြဲမြို့နယ်၌ ဖွင့်။ (စာ - ၁၂)

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အကြိမ်အများဆုံး တက်ခဲ့သူ။ (စာ - ၅)

မန်ယူတို့ ပရီမီယာလိဂ်ဖလား (၁၉)ကြိမ်မြောက် ရဖို့သေချာသွား။ (စာ - ၉)

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၅ ရက်)

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ အလေးထားလိုက်နာ

"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ဆိုစကားအရ စည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးနိုင်ကြမည်ဖြစ်သည်။

မည်သည့်နေရာ၊ မည်သည့်ဌာနတွင်မဆို သတ်မှတ်စည်းကမ်းကို တစ်ဦးတစ်ယောက်မှအစပြုပြီး အသိစိတ်ဓာတ်ရှိရှိဖြင့် ကျင့်ကြံနေထိုင်သွားလာလှုပ်ရှားဆောင်ရွက်ကြပါက အန္တရာယ်ကင်းပြီး သာယာချမ်းမြေ့သည့် လူမှုဘဝကို ရရှိခံစားကြရမည်ဖြစ်သည်။ စည်းကမ်းဟုဆိုရာတွင် ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းသည်လည်း လူမှုဘဝနေထိုင်သွားလာမှုအတွက် အလေးထားလိုက်နာရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

ယနေ့တစ်ကမ္ဘာလုံး၌ ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူ ၁ ဒသမ ၃ သန်းခန့် သေဆုံးနေရပြီး သန်း ၅၀ ခန့်မှာ ထာဝရမသန်စွမ်းမှုနှင့် ကြုံတွေ့နေကြရသည်။ ယာဉ်တိုက်မှုများ ဖြစ်ပေါ်ရခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်းကြောင့် ဖြစ်သည်။

ယနေ့အချိန်၌ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးသည် လွယ်ကူချောမွေ့လျက်ရှိပြီး ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများနှင့် အဝေးပြေးလမ်းမကြီးများ တိုးမြှင့်ဖောက်လုပ်ထားသဖြင့် အချိန်ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်နေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ယာဉ်သုံးစွဲမှုများလည်း တိုးတက်များပြားလာခဲ့သည်။ ယာဉ်သုံးစွဲမှု များပြားလာသည်နှင့်အညီ ယာဉ်မောင်းသူများနှင့် ခရီးသွားများအားလုံးသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အလေးထား လိုက်နာဆောင်ရွက်ကြပါက ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။

ယာဉ်တိုက်မှုများကို လေ့လာကြည့်လျှင် မဆင်မခြင်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ ယာဉ်ကို အပြိုင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ရသကဲ့သို့ လမ်းကူးသူများကလည်း လမ်းစည်းကမ်းကို လိုက်နာမှုမရှိခြင်းကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများ၊ လမ်းကူးသူများအားလုံးသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြပါက ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာပြီး ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးတိုင်းဒေသကြီး၌ ဂရန်အင်းများလေလံတင်

ပဲခူး မေ ၁၄

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပထမအကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါချက်များ ရောင်းချခြင်းအခမ်းအနားကို ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၂ ရက်က ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးနှင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးတို့က အမှာစကားပြောကြားကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးဌာနမှူးများကိုယ်စား သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးက အခမ်းအနားတက်ရောက်လာသောလုပ်ငန်းရှင်များအား သိရှိရန်လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီးနောက် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါချက်များ ရောင်းချခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ငါးလုပ်ငန်းဦးစီး)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်သည်အဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၄

ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad သည် မေ ၁၂ရက် နံနက် ၁၀နာရီက လည်းကောင်း၊ IOM Mission in Myanmar မှ Chief of Mission Ms.Mariko Tomiyama သည် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် နံနက်၁၁နာရီခွဲက လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ UNFPA မှ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးကျန်းမာရေး၊ AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ IOM နှင့်ဆွေးနွေးရာတွင် ရွှေ့ပြောင်းလုပ်သားများ ကူးစက်ရောဂါ၊ ခုခံကျကာလသားရောဂါကာကွယ်ရေးလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရောဂါကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆွေးနွေးရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အထောက်အပံ့ပေးသည့် အစီအစဉ်များတွင် ဆေးပညာဆိုင်ရာ၊ အထူးပြု ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများအား လက်တွေ့ကျွမ်းကျင်မှုလုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေကူမြို့နယ် နောင်မိုကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်

ရွှေကူ မေ ၁၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် နောင်မိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီခွဲက ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အုတ်မြစ်စီ

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးညွန့်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းမောင်တို့က သတ်မှတ်နေရာအသီးသီး၌ ကျောင်းဆောက်လုပ်ရန် အုတ်မြစ်များစီခဲ့ကြသည်။

(အပေါ်ပုံ)

ကျောင်းဆောင်သစ်ကို နိုင်ငံတော်၏ပံ့ပိုးငွေ၊ ဒေသခံပြည်သူများ၏ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဖွား

သွေးချင်းများ

တားဆီးကာကွယ်

မီးရန်စွယ်

တူးဖော်ဆောင်ရွက်

မေ ၃ ရက်က ဝါးခယ်မမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ပတ္တမြားရပ်ကွက် ကမ်းနားလမ်းဖြတ် ရေမြောင်းကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးပိုင်နှင့်အဖွဲ့ တူးဖော်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ်ဦးမော်သန်းက "Building Trust Creativity & Innovativeness" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၂၉ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPEနာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။ ဟောပြောပွဲ တက်ရောက်ရန်အတွက် မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ်၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူ များအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ယင်းနောက် တက္ကသိုလ်စုပေါင်းခန်းမဆောင်၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးက တက္ကသိုလ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြားရာ၌ မိမိတို့နိုင်ငံနှင့် လူမျိုးသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့သည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြေခံကောင်းများ ရရှိထားပြီး ဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို ထိန်းသိမ်း ဖော်ထုတ် တီထွင် ပြန့်ပွားအောင် ဆောင်ရွက်ရန်နှင့် ဆရာ ဆရာမများက ကြိုးပမ်းမြေတောင်မြှောက် သင်ကြားပေးပြီး ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားသင်ယူကာ မိမိတို့၏ အနုပညာများဖြင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ပေါက်မြောက် အောင်မြင်အောင် မျှော်မှန်းချက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ အနေဖြင့် ယဉ်ကျေးမှုအနုပညာများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းဖော်ထုတ်ရန်၊ ထူးချွန်ပြောင်မြောက်သည့် အနုပညာရှင်များ ဖြစ်အောင် သင်ကြားလေ့ကျင့်ရန်၊ ယဉ်ကျေးမှုအနုပညာရပ်များကို မြှင့်တင်ဆန်းသစ်သွားရန်နှင့် အနုပညာ ဖော်ထုတ်တင်ဆက်မှုများကို ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပိုလီယိုရောဂါ လုံးဝကင်းစင်အောင် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေ မြို့နယ်ပေါင်း (၁၂၆) မြို့နယ်အတွင်းရှိ (၅)နှစ်အောက်ကလေး

၂ ဒသမ ၉ သန်းအား ကာကွယ်ဆေးတိုက်ကျွေးမည်

နေပြည်တော် မေ ၁၄

၁၉၈၈ ခုနှစ်မှစတင်ကာ ပိုလီယိုအကြောသေရောဂါ ကမ္ဘာပေါ်မှပပျောက်စေရန် နည်းလမ်းများဖော်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်က နေ့စဉ်ပိုလီယိုရောဂါ ကူးစက်သူပေါင်း ၁၀၀၀ ခန့် ရှိနေခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၌ နေ့စဉ်ကူးစက်ခံရသူပေါင်း ၁၀ ဦးခန့်အထိ လျော့ကျ သွားခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာပေါ်တွင် သတ်မှတ်ထားသောဒေသကြီး ခြောက်ခုအနက် ဒေသကြီး သုံးခုတွင် ပိုလီယိုရောဂါ ကင်းစင်ခဲ့ပြီးဖြစ်ကြောင်း၊ ပိုလီယိုအကြောသေရောဂါ ကင်းစင်စေရန် စတင်ဆောင်ရွက်ခဲ့သည့်အချိန်က နိုင်ငံပေါင်း ၁၂၅ နိုင်ငံတွင် ရောဂါဖြစ်ပွားသူပေါင်း ၃၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၁၂၉၂ ဦးသာရှိတော့ကြောင်း။

နည်းဗျူဟာများချမှတ်

မြန်မာနိုင်ငံ၌ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကာကွယ်နှိမ်နင်းရန် ကျန်းမာရေးဝန်ကြီးဌာနက ၁၉၇၈ ခုနှစ်မှ စတင်၍ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ပိုလီယို၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့်တီဘီ၊ ဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ အသည်းရောင် အသားဝါ(ဘီ)စသည့် ရောဂါခုနစ်မျိုးအတွက် နိုင်ငံတစ်ဝန်းရှိ အသက် တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့်အတွက် ရောဂါဖြစ်ပွားသေဆုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ပိုလီယိုအကြောသေရောဂါကို ကမ္ဘာပေါ်မှ လုံးဝကင်းစင်ပပျောက်သွားအောင် ဆောင်ရွက်နေသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ပိုလီယိုရောဂါ လုံးဝကင်းစင်အောင် ကျန်းမာရေးဝန်ကြီးဌာနက နည်းဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၁ ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ပထမအကြိမ်အဖြစ် မေ ၁၄ ရက်မှ ၁၅ ရက်အထိ၊ ဒုတိယအကြိမ်အဖြစ် ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၁၂၆ မြို့နယ်အတွင်းရှိ အသက် (၅)နှစ်အောက် ကလေးပေါင်း ၂ ဒသမ ၉ သန်းကျော်အား ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးသွားမည် ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁) ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ WHO ၊ UNICEF နှင့် အလှူရှင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကာကွယ်ဆေးတိုက်ကျွေး

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးကြကာ(ဝဲပုံ) လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၅ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	**အောင်တော်မူ** (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀	၇။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅	၈။	**ကလေးများအတွက် အကောင်းဆုံး**
၈:၃၀	၉။	အကပြိုင်ပွဲ
၈:၄၀	၁၀။	**International News**
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၂)
၁၂:၃၀	၅။	**Golf Magazine (TV)**
၁၃:၀၀	၆။	မြန်မာဗီဒီယို **နားအေးပါးအေး** ခန့်စည်သူ၊အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၄:၄၀	၇။	တေးဂီတအစီအစဉ်
၁၄:၅၀	၈။	**International News**

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၀	၅။	**ဗမ္ဗူဒီပါမှာ ထွန်းတဲ့ကျွန်း**
၅:၂၀	၆။	ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	**AFC President's Cup (2011)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် JabalAL Mukaber Club(PAL) အသင်းနှင့် ရတနာပုံ (MYA) အသင်း**
၈:၀၀	၉။	ပြည်တွင်းသတင်း
	၁၀။	နိုင်ငံတကာသတင်းများ
	၁၁။	မိုးလေဝသအခြေအနေ
	၁၂။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** ဒုတိယတွဲ (အပိုင်း-၁၄)
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၆)
	၁၄။	အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပြန်လည်ထုတ်လုပ်ရန် နိုင်ဂျီးရီးယား၌ စက်ရုံ ၂၈ ရုံ တည်ဆောက်မည်

အဘူဂျာ မေ ၁၄

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ပြန်လည် အသုံးပြု ထုတ်လုပ်နိုင်သည့် စက်ရုံ ၂၈ ရုံကို နိုင်ဂျီးရီးယားနိုင်ငံ တစ်ဝန်းရှိ မြို့ကြီးအချို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရ အရာရှိတစ်ဦးက မေ ၁၃ ရက်၌ ပြောကြားသည်။

နိုင်ငံတစ်ဝန်း ပလတ်စတစ်စွန့်ပစ်ပစ္စည်းများပြားသည့် မြို့ကြီးများကိုရွေးချယ်ကာ ယင်းစက်ရုံများတည်ဆောက်သွားမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းမှာ သဘာဝပတ်ဝန်းကျင် မပျက်စီးရန်အတွက် အစိုးရ၏ ဆောင်ရွက်မှု စီမံကိန်းများအနက်မှ တစ်ခုဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအပိုင်းမှလည်း တာဝန်ယူပြုလုပ်ရေးစည်းရုံးသွားရမည်ဖြစ်ပြီး နိုင်ဂျီးရီးယားအစိုးရ၏ အမှိုက်သရိုက်များ ကင်းစင်စေရေး စီမံကိန်းတွင် ပူးပေါင်းစေမည် ဖြစ်သည်။ **(အင်တာနက်)**

ကယ်လီဖိုးနီးယားကမ်းခြေမှ ငါးမျိုးစိတ်အချို့ ဓာတုအဆိပ်သင့်သဖြင့် မစားသုံးသင့်ဆို

လော့စ်အိန်ဂျလိစ် မေ ၁၄

၁၀နှစ်ကြာ လေ့လာစူးစမ်းမှုအပေါ်အခြေခံပြီး အချို့သောငါးများမှာ ဓာတုဗေဒအဆိပ် ပါဝင်မှုများပြားသဖြင့် ငါးဖမ်းသူများ မစားသုံးသင့်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်များက မေ ၁၃ ရက်တွင် သတိပေးလိုက်သည်။ **(အောက်ပုံ)**

ကယ်လီဖိုးနီးယားတောင်ပိုင်း ကမ်းခြေတစ်လျှောက်ရှိ ငါးအချို့တွင် ဓာတုဗေဒအဆိပ်များ ဆိုးဆိုးရွားရွားပါဝင်နေသည်ကို တွေ့ရှိရကြောင်း ပြည်နယ်ကျန်းမာရေးအန္တရာယ် အကဲဖြတ်ရုံးက အစီရင်ခံထားသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း ကမ်းခြေအနီး ကီလိုမီတာ ၁၆၀ တစ်လျှောက်တွင် ကျက်စားနေသော ငါးမျိုးစိတ် ၂၂ မျိုးကို ဒေသဆိုင်ရာ အဖွဲ့အစည်းများက ၁၀ နှစ်ကြာ လေ့လာစူးစမ်းခဲ့ကြသည်ဟု သိရသည်။ **(အင်တာနက်)**



ယခုနှစ် ပထမသုံးလအတွင်း နစ်ဆန်းကားလေးသန်းကျော်ရောင်းချရ

တိုကျို မေ ၁၄

ဂျပန်နိုင်ငံ၏ ထိပ်တန်းမော်တော်ကား ကုမ္ပဏီကြီးတစ်ခုဖြစ်သော နစ်ဆန်း၏ ယခုနှစ် ပထမသုံးလအတွင်း မော်တော်ကားရောင်းချမှုမှာ သိသိသာသာ ရောင်းအားကောင်းခဲ့ကြောင်း မေ ၁၃ ရက်၌ ၎င်းကုမ္ပဏီက ကြေညာသည်။ (အပေါ်ပုံ)

ဖော်ပြ

နစ်ဆန်းကားကုမ္ပဏီသည် ယခုနှစ် နှစ်ဆန်းပိုင်းမှ မတ် ၃၁ ရက်အထိ မော်တော်ကားရောင်းချမှုမှာ အသားတင်အမြတ်ငွေ ယန်း ၃၁၉ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ) တန်ဖိုးရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ရောင်းချခဲ့

ထိုသို့ နစ်ဆန်းကားကုမ္ပဏီ၏ ကားရောင်းချမှုမှာ ယမန်နှစ် အလားတူကာလကထက် ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး သုံးလအတွင်း တစ်ကမ္ဘာလုံး၌ ကားစီးရေ ၄ ဒသမ ၂ သန်း ရောင်းချခဲ့ရသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် ငလျင်ကြောင့် ကားထုတ်လုပ်မှု ကမောက်ကမဖြစ်ခဲ့သော်လည်း နစ်ဆန်းကားများရောင်းချမှုမှာ ဆက်လက်အားကောင်းခဲ့သည်။ ၎င်းကုမ္ပဏီက ထိုသုံးလအတွင်း မော်ဒယ်လ်အသစ် ၁၀ မျိုးထုတ်လုပ်ရောင်းချခဲ့ကြောင်း သိရသည်။

မြင့်တက်

နစ်ဆန်းကား ဝယ်လိုအားအမြင့်ဆုံးမှာ တရုတ်နိုင်ငံဖြစ်ပြီး ၃၆ ရာခိုင်နှုန်းရောင်းအား မြင့်တက်ခဲ့သည်။ ဥရောပ၌ ၁၉ ရာခိုင်နှုန်းနှင့် အမေရိကန်၌ ၁၇ ရာခိုင်နှုန်း အသီးသီး ရောင်းအားကောင်းခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ပစိဖိတ်ဒေသ၏ မူးယစ်ရာဇာ မက္ကဆီကိုတပ်ဖွဲ့ဝင်များ ဖမ်းဆီးမိ

မက္ကဆီကိုစီးတီး မေ ၁၄

ပစိဖိတ်ဒေသ၏ မူးယစ်ဆေးဝါးခေါင်းဆောင် မာတင်ဘီလ်တရန်အား မက္ကဆီကိုတပ်ဖွဲ့ဝင်များက ဖမ်းဆီးမိကြောင်း(အောက်ပုံ)၊ ၎င်းသည် မက္ကဆီကိုအနောက်ပိုင်းနယ်မြေမှ မူးယစ်ဆေးဝါး တန်ပေါင်းများစွာကို အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် အဓိကတာဝန်ရှိသည့် မူးယစ်ရာဇာတစ်ဦးဖြစ်ကြောင်း မက္ကဆီကိုစစ်ဘက်က မေ ၁၃ ရက်၌ သတင်း ထုတ်ပြန်သည်။

သိမ်းဆည်းရမိ

၎င်းကို မက္ကဆီကိုနိုင်ငံ ဇာပိုပန်မြို့ ဆင်ခြေဖုံးရှိ ဥါဒါလာဂျာရာအရပ်၌ မက္ကဆီကိုတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ မာတင်ဘီလ်တရန်သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက မက္ကဆီကိုမူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှု၌ သေဆုံးသွားသော မူးယစ်ရာဇာတစ်ဦးဖြစ်သူ နာချို မရှိတော့သည့်နောက်ပိုင်း မူးယစ်ဆေးဝါးလုပ်ငန်းများကို ထိန်းချုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ မာတင်ဘီလ်တရန်နှင့်အတူ လက်နက်များ၊ မော်တော်ယာဉ်ခြောက်စီး၊ ကျောက်မျက်ရတနာများနှင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ကျော်တို့ကိုလည်း မက္ကဆီကိုတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့သည်။

မက္ကဆီကိုစစ်ဘက်ကလည်း မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါး တရားမဝင် မှောင်ခိုမှုလုပ်ငန်းများတွင် အားအကောင်းဆုံးဖြစ်သည့် ပစိဖိတ်မူးယစ်ရာဇာများအား တဖြည်းဖြည်း ချေမှုန်းသွားမည်ဟု ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

ဧဝရက်တောင်ထိပ်သို့တက်ရောက်စဉ် ဂျပန်တောင်တက်သမားသေဆုံး

ခတ္တမန္ဒူ မေ ၁၄

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်နေသော ဂျပန်တောင်တက်သမားတစ်ဦးသည် တောင်ထိပ်သို့မရောက်မီ ပေ ၈၀၀ ကျော်အလိုတွင် နေမကောင်းဖြစ်ကာ မေ ၁၃ ရက်က သေဆုံးသွားကြောင်း နီပေါအရာရှိများက ပြောကြားသည်။

လဲကျ

အသက် ၅၉ နှစ်အရွယ်ရှိ ဂျပန်တောင်တက်သမား တာကာရှီအိုဇာကီသည် ၂၉၀၂၉ ပေမြင့်သော ဧဝရက်တောင်ထိပ်သို့တက်ရောက်စဉ် အမြင့်ပေ ၂၈၂၀၀ ခန့်၌ ကျန်းမာရေးမကောင်းသဖြင့် လဲကျသေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

တတိယ

တာကာရှီအိုဇာကီသည် ယခုနှစ်၌ ဧဝရက်တောင်ထိပ်သို့ တောင်ဘက်တက်လမ်းမှတက်ရောက်စဉ် သေဆုံးသည့် တတိယမြောက် တောင်တက်သမားပင်ဖြစ်သည်။

ဧဝရက် တောင်ထိပ်သို့တက်ရောက်စဉ် သေဆုံးသည့် တောင်တက်သမားဦးရေမှာ ယခုအချိန်ထိ စုစုပေါင်း ၂၀၀ ကျော် ရှိပြီဖြစ်သည်။ **(အင်တာနက်)**

နေစွမ်းအင်သုံး လေယာဉ် နိုင်ငံတကာခရီးစဉ် စတင်ပျံသန်း

ပါရာနေ မေ ၁၄

နေစွမ်းအင်သုံးလေယာဉ်၏ ပထမဆုံး နိုင်ငံတကာခရီးစဉ် စတင်ပျံသန်းမှုအဖြစ် ခရီးမိုင် ၃၇၀ ကွာဝေးသည့် ဆွစ်ဇာလန်မှ ဘယ်လ်ဂျီယံနိုင်ငံသို့ ၁၂ နာရီကြာပျံသန်းခဲ့သည်။

လေယာဉ်မှူး အင်ဒရီဘော့စ်ရှာဘက်မောင်းနှင်သည့် ၎င်းနေစွမ်းအင်သုံးလေယာဉ်သည် ဆွစ်ဇာလန်နိုင်ငံ ပါရာနေလေဆိပ်မှ မေ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က စတင်ပျံသန်းခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ ဇာဗန်တန်လေဆိပ်သို့မဆင်းသက်မီ ပြင်သစ်နှင့် လူဇင်ဘတ်နိုင်ငံများပေါ်မှ ဖြတ်ကျော်ပျံသန်းခဲ့သည်။ **(အောက်ပုံ)**

ယင်းလေယာဉ်သည် ပြီးခဲ့သည့် ဇူလိုင်လက ၂၆ နာရီကြာ စမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ နေစွမ်းအင်သုံးလေယာဉ်၏ တောင်ပံအရှည်သည် ၂၀၆ ပေရှိပြီး လေယာဉ်အလေးချိန်မှာ ပေါင် ၃၅၀၀ ရှိသည်။ အဆိုပါလေယာဉ်တောင်ပံပေါ်တွင် ဆိုလာပြား ၁၂၀၀၀ ခန့် တပ်ဆင်ထားသည်။ နေစွမ်းအင်သုံးလေယာဉ်တွင် အီလက်ထရစ်အင်ဂျင်လေးလုံး တပ်ဆင်ထားပြီး အမြန်ဆုံး တစ်နာရီလျှင် ၄၃ မိုင်အထိ မောင်းနှင်ပျံသန်းနိုင်သည်။ **(အင်တာနက်)**

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှု ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၁၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ဘက် လူမျိုးစုများဒေသဖြစ်သော မြောက်ဝါဇီရစ္စတန်၌ အမေရိကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံးရှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း အင်တာနက် သတင်းတွင် မေ ၁၄ ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

ကြေညာ

အာဖဂန်နစ္စတန်နယ်စပ်အနီး ဒက်တာခဲလ်ဒေသတွင် မေ ၁၃ ရက် နံနက်ပိုင်းက မော်တော်ယာဉ်တစ်စီးကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဒေသခံလုံခြုံရေးတပ်ဖွဲ့က ကြေညာသည်။

မကြာခဏတိုက်ခိုက်

အမေရိကန်တပ်ဖွဲ့က မောင်းသူမဲ့လေယာဉ်ဖြင့် ပါကစ္စတန်နိုင်ငံ လူမျိုးစုများဒေသတွင် ထိုသို့မကြာခဏ တိုက်ခိုက်မှုပြုလုပ်လေ့ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ အမြင့်ဆုံး ဝေရက်တောင်ထိပ်သို့ အကြိမ်အများဆုံးတက်ခဲ့သူ

မြင့်မောင်စိုး ရေးသားသည်

ခတ္တမန္ဒူ မေ ၁၄

ဝေရက်တောင်သည် တရုတ်နိုင်ငံ (တိဗက်ဒေသ) နှင့် နီပေါနိုင်ငံတို့အကြားတွင် တည်ရှိသည်။ တိဗက်တို့က ထိုတောင်ကို ချိုမိုလွန်မာတောင်ဟုခေါ်ပြီး နီပေါတို့ကမူ ဆာဂါမာသာတောင်ဟုခေါ်ကြသည်။ မည်သို့ပင်ခေါ်တွင်စေကာမူ ထိုတောင်သည် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည်။

အဆိုပါ တောင်ထိပ်သည် ပင်လယ်ရေ မျက်နှာပြင်အထက် ၈၈၄၈မီတာ(၂၉၀၂၉ပေ)မြင့်သည်။ ဝေရက်တောင်သည် နီပေါနှင့်တရုတ်(တိဗက်)နယ်စပ်အကြား ဟိမဝန္တာ တောင်တန်း၏ မဟာလန်ဂါအပိုင်း၌ တည်ရှိသည်။

ဝေရက်တောင်ကို အနီးဝန်းကျင်ရှိ အခြားအမြင့်ဆုံးတောင်များ ဖြစ်သည့် အယ်ဟော့ဆေးတောင် (၈၅၁၆ မီတာ)၊ နွတ်ဆေးတောင် (၇၈၅၅မီတာ)နှင့် ချန့်ဆေးတောင် (၇၅၈၀မီတာ)တို့က အဖော်ပြုနေကြသည်။

အမည်ပေး

၁၈၅၆ခုနှစ်တွင် ဗြိတိန်နှင့် အိန္ဒိယနိုင်ငံများ မြေပြင်နှင့်တောင်ထိပ်အမြင့် လေ့လာတိုင်းတာရေး ပညာရှင်များအဖွဲ့က ဝေရက်တောင်၏ အမြင့်ကို ပထမဆုံး တိုင်းတာထုတ်ပြန်ခဲ့သည်။ ထိုစဉ်က ဝေရက် တောင်ဟု မခေါ်သေးပေ။ တောင်ထွတ်အမှတ် ၁၅ ဟုသာခေါ်ခဲ့သည်။ ၁၈၆၅ခုနှစ်ရောက်မှ ယင်းတောင်ကို ဝေရက်တောင်ဟုအမည်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကမ္ဘာ့အမြင့်ဆုံးဝေရက်တောင်သည် ကမ္ဘာတစ်ဝန်းလုံးမှ တောင်တက်သမားများကို ဆွဲဆောင်လျက်ရှိသည်။ ၂၀၀၈ခုနှစ်ကုန်အထိ တောင်တက်သူ ၄၁၀၂ဦးရှိလာသည်။ တောင်ထိပ်တက်ရောက်သူများအနက် ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းအထိ သေဆုံးခဲ့သူ ၂၁၆ဦးရှိခဲ့သည်။ ရာသီဥတုဆိုးရွားၡ၍သော်လည်းကောင်း၊ တောင်ပေါ်မှ ပြုတ်ကျ၍သော်လည်းကောင်း သေဆုံးခဲ့ရခြင်းဖြစ်သည်။

အချို့ တောင်တက်သမားများကလည်း အဆိုပါ ဝေရက်တောင်ကို အကြိမ်ကြိမ်တက်ရောက်ရန် အာသီသရှိခဲ့ကြသည်။ ၎င်းတို့အနက် ဝေရက်တောင်ထိပ်သို့ အခေါက်ခေါက်အခါခါ အကြိမ်အရေအတွက်အများဆုံး တက်ရောက်ခဲ့သူမှာ အသက် ၅၁နှစ်အရွယ်ရှိ နီပေါနိုင်ငံသား စူပါရှာပါဟု လူသိများသော အပါရှာပါပင် ဖြစ်သည်။ သူသည် ပြီးခဲ့သည့် မေ ၁၁ ရက်က ဝေရက်တောင်ထိပ်သို့ တစ်ကြိမ်ရောက်ခဲ့သည်။ ယင်းအခေါက်သည် ၂၁ခေါက်မြောက် ဝေရက် တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဝေရက်တောင်သို့ ၎င်းထက်အကြိမ်ရေများများ တက်နိုင်သူ မရှိသေးပေ။ မစ္စတာရှာပါသည် ဝေရက်တောင်ပေါ်ရှိ တန်ပေါင်းများစွာသော အမှိုက်သရိုက်များကို သယ်ချရန်စီစဉ်သည့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တောင်တက်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ သူသည် ရာသီဥတုကို ထိခိုက်စေမည့် အမှိုက်သရိုက်များ ဝေရက်တောင်ပေါ်၌ ရှိနေခြင်းကို ရှင်းလင်းဆောင်ရွက်ရန်လည်း ဆန္ဒပြင်းပြခဲ့သည်။ တောင်တက် သမား မစ္စတာရှာပါသည် ဝေရက်တောင်ခြေရင်း၌ ကြီးပြင်းခဲ့သူဖြစ်သည်။ သူ့အသက် ၁၂နှစ် အရွယ်ကပင် တောင်တက်သမားများအတွက် လိုအပ်သော ပစ္စည်းများ ကူသယ်ပေးသည့် အထမ်းသမားအလုပ်ကို လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူသည် ၁၉၈၉ခုနှစ်တွင် ဝေရက်တောင်သို့ ပထမဆုံး တက်ရောက်ခဲ့သည်။ ၎င်း၏တောင်တက်အဖွဲ့သည် ဝေရက်တောင် အနိမ့်ပိုင်းရှိ အမှိုက်တန်ချိန် ကီလိုဂရမ် ၄၀၀၀(၈၈၀၀ပေါင်)ကို သယ်ချရန် စီစဉ်ထားသည်။ တောင်ထိပ်မှ အမှိုက် တန်ချိန် ကီလိုဂရမ်၁၀၀၀ (၂၂၀၀ ပေါင်)ကိုလည်း သယ်ချရန် စီစဉ်နေသည်။

ဝေရက်တောင်ကို အကြိမ်အများဆုံး တက်ရောက်နိုင်သည့် နီပေါနိုင်ငံသား တောင်တက်သမား မစ္စတာ ရှာပါအား မေ ၁၁ ရက်က ဝေရက်တောင်ထိပ်ပေါ်၌ တွေ့ရစဉ်။

ပြောကြား

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ဟိမဝန္တာတောင်တန်းဒေသတွင် ရေခဲများဖုံးလွှမ်းမှုနည်းလာသည်ကို စိုးရိမ်မိကြောင်း အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသော မစ္စတာ ရှာပါက ပြောကြားသည်။ သူ ဝေရက်တောင်ကို စတက်စဉ်က ရေခဲနှင့် ဆီးနှင်းများ ဖုံးလွှမ်းနေသည်ဟုဆိုသည်။ ယခုမူ ကျောက်တုံးများ ပေါ်နေသော တောင်ကြီးအဖြစ်သို့ ရောက်ရှိလာနေသည်ကို တွေ့သည်ဟုဆိုသည်။

မည်သို့ပင်ရှိစေကာမူ ကမ္ဘာကြီး ပူနွေးလာမှုက ဝေရက်တောင်ကြီး၏ သဘာဝအလှတရားများကိုတစ်စိတ်တစ်ပိုင်းပျက်စီးစေလျက် ရှိနေသည် မဟုတ်ပါလား။

ကိုးကား-အင်တာနက်

အမြင့် ၂၉၀၂၉ပေ မြင့်သည့် ကမ္ဘာ့အမြင့်ဆုံး ဝေရက်တောင်ကို ဤသို့ တွေ့ရသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုရေးနေ့ ဗန်းမော်မြို့၌ကျင်းပ

ဗန်းမော် မေ ၁၄

၂၀၁၁ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုရေးနေ့ အထိမ်းအမှတ်အဖြစ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၁ ရက် မွန်းလွဲ ၁ နာရီက ဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဦးစီးမှူး (အငြိမ်းစား) ဒေါက်တာစောသီအိုဒိုဒွေးက အမှာစကား ပြောကြားသည်။ ထို့နောက် ဗန်းမော်ခရိုင် ဦးစီးမှူး ဒေါက်တာ အောင်ကြည်ဦးက ခွေးရူးပြန်ရောဂါနှင့် ဝက်နားရွက်ပြာ ရောဂါများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်ကိုမြင့်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှု ဆိုင်ရာများ အကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောရာ အခမ်းအနားသို့ တက်ရောက်လာသော ဗန်းမော်မြို့ပေါ် ရပ်ကွက်မှမွေးမြူရေးသမားများ၊ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များကသိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် မွေး/ကုဦးစီး)

ဝက်များတွင်ဖြစ်ပွားသော ရောဂါများအကြောင်းဟောပြော

ကဝ မေ ၁၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝက်များတွင်ဖြစ်ပွားသော ရောဂါများနှင့်ပတ်သက်၍ ပညာပေး ဟောပြောပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပဲခူးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်တင်တင်ဝေ၊သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနမှ သုတေသနအရာရှိ ဒေါက်တာ ဒေါ်ခင်ဌေးတို့က ဝက်များတွင် ဖြစ်ပွားတတ်သော ဝက်နားရွက်ပြာရောဂါအကြောင်းကို ပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးရှောင်

မလောင်ခင်တား

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

မေ ၁၄ ရက် တစ်ရက်တည်း နိုင်ငံသုံးနိုင်ငံ၌ ငလျင်များလှုပ်

ပေကျင်း မေ ၁၄

မေ ၁၄ ရက် တစ်ရက်တည်း၌ ဂျပန်၊ ကော့စတာရီကာနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ငလျင်များလှုပ်ခဲ့သည်။

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းအရှေ့ဘက်တွင် ပေကျင်းစံတော်ချိန် နံနက် ၇နာရီ ၃၅မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ မြောက်လတ္တီကျူ ၃၇ ဒသမ ၃၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၁ ဒသမ ၄၁ဒီဂရီအကြား မြေအောက်အနက် ၃၇ ဒသမ ၆၀ကီလိုမီတာတွင် ငလျင်ဗဟိုပြုလှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးအဖွဲ့က ထုတ်ပြန်သည်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကော့စတာရီကာနိုင်ငံ၌လည်း အင်အားရစ်ချ်တာစကေး ၆အဆင့်ရှိ မြေငလျင်တစ်ခု ယနေ့ နံနက်၆နာရီ ၄၇မိနစ်တွင် လှုပ်ခဲ့ကြောင်း တရုတ်မြေငလျင် စောင့်ကြည့်ရေးဌာနက တိုင်းတာရရှိသည်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ယင်းငလျင်သည် မြောက်လတ္တီကျူ ၁၀ ဒသမ ၁ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၈၄ဒသမ ၃ဒီဂရီအကြား မြေအောက်အနက် ၇၀မီတာတွင် ဗဟိုပြု လှုပ်သွားခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင်လည်းယနေ့နံနက် ၄နာရီ ၄၃မိနစ်တွင် အင်အား ၅ ဒသမ ၇ ရှိသည့် ငလျင်လှုပ်သွားခဲ့ကြောင်း၊ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ပီလာကပ်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၉၀ခန့်အကွာ မြေအောက်အနက် ကီလိုမီတာ ၁၀တွင် ဗဟိုပြု လှုပ်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

(ဆင်ဟွာ)

အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျ လိုက်ပါခဲ့သူလေးဦးစလုံးသေဆုံး

နယူးဒေလီ မေ ၁၄

အိန္ဒိယနိုင်ငံအနောက်ပိုင်း တောတောင်ထူထပ်သော ဒေသဖြစ်သည့် ရာဂျာစတန်ပြည်နယ်တွင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်မှူးအပါအဝင် တပ်ဖွဲ့ဝင်လေးဦးလိုက်ပါခဲ့ရာ လေးဦးစလုံးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မေ ၁၄ ရက်တွင် ပြောကြားသည်။

ရဟတ်ယာဉ်သည် ဆာရောချီခရိုင်အတွင်း ညနေ ၃ နာရီခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ပြည်နယ်၏ အနောက်ပိုင်းရှိ ဂူဂျာရက်မြို့မှ ဂျီရာပူမြို့တော်သို့ ပျံသန်းလာသည့် ခရီးစဉ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကယ်လီဖိုးနီးယားရှိ ဥယျာဉ်ပန်းခြံ ၇၀ ဘတ်ဂျက်ဖြတ်တောက်မှုကြောင့် ပိတ်တော့မည်

လော့စ်အိန်ဂျလိစ် မေ ၁၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဥယျာဉ်ပန်းခြံပေါင်း ၇၀ ကို လုပ်ငန်းအသုံးစရိတ်ဘတ်ဂျက် ဖြတ်တောက်လိုက်ခြင်းကြောင့် မကြာမီ ပိတ်ရတော့မည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျယ်ရီ ဘရောင်းက မေ ၁၃ ရက်တွင် ကြေညာသည်။

ကယ်လီဖိုးနီးယားပြည်နယ်တစ်ဝန်းလုံးရှိ ပန်းခြံ ၂၇၈ ခြံ၏ လေးပုံတစ်ပုံကို ပိတ်ရခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ရှေးဦးစွာ ဝန်ထမ်းများကိုလျှော့ချ၍ ပန်းခြံများကို စက်တင်ဘာလမှ စတင်ကာပိတ်မည်ဖြစ်ပြီး ၂၀၁၂ ဇူလိုင်လတွင် ပန်းခြံ ၇၀ စလုံးပိတ်မည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားဥယျာဉ်ပန်းခြံဌာန ဒါရိုက်တာရုပ်သ်ကိုလီမန်က ပြောကြားသည်။

(အင်တာနက်)

မြောက်အာဖရိကမှ လူ ၅၅၀ ကျော် အီတလီသို့ ပြောင်းရွှေ့ဝင်ရောက်

ရောမ မေ ၁၄

မြောက်အာဖရိကဒေသမှ လူ ၅၅၀ ကျော်ခန့် လှေသုံးစင်းဖြင့် အီတလီတောင်ပိုင်းရှိ ကျွန်းငယ် လမ်ပီဒူဆာသို့ မေ ၁၃ ရက်က ပြောင်းရွှေ့ဝင်ရောက်လာကြကြောင်း အန်ဆာသတင်းဌာနက ဖော်ပြသည်။

လမ်ပီဒူဆာကျွန်းသည် အီတလီထက် တူနီးရှားဘက်နှင့် ပို၍နီးသဖြင့် မြောက်အာဖရိကမှ ပြောင်းရွှေ့လာသူများအတွက် နီးကပ်လွယ်ကူသည့် ခရီးနယ်မြေတစ်ခုဖြစ်နေသည်။

ယခုနှစ်အတွင်း ယင်းကျွန်းငယ် လေးပေါ်သို့ မြောက်အာဖရိကဒေသမှ ရွှေ့ပြောင်းအခြေချသူပေါင်းမှာ ၃၀၀၀၀ နီးပါးအထိ ရှိနေပြီဖြစ်သည်။

(ဆင်ဟွာ)

ပြည်သူများ နေ့စဉ်စားသုံးသည့်သကြား အလုံအလောက်ထွက်ရှိရေး ကြံသီးနှံဖွံ့ဖြိုးရေးသည် အရေးကြီး

နေပြည်တော် မေ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်း၏ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၃ ရက် နံနက် ၈ နာရီက ကြံလုပ်ငန်း အမှတ်(၂)သကြားစက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဖော်ဆောင်ပေး

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ဆန်စပါးနှင့် ဝါသီးနှံပြီးလျှင် ပြည်သူများ နေ့စဉ် စားသုံးနေသည့် သကြားအလုံအလောက်ထွက်ရှိနိုင်ရေးအတွက် သကြားစက်လုပ်ငန်းများနှင့် ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကဏ္ဍတွင် ပါဝင်နေကြောင်း၊ သကြားစက်ရုံများအတွက် အခြေခံကုန်ကြမ်းများ အလုံအလောက်ရရှိရေးမှာ ကြံစိုက်တောင်သူများ၏ တွက်ခြေကိုက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် ကြံသီးနှံများ၏ အရည်အသွေးကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ကြံစိုက်ပျိုးသူတောင်သူများ၏ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေး အဓိကသော့ချက် (၅)ချက်ဖြစ်သည့် အတွက်ကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ အသုံးပြုရန်၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှု နည်းအောင်ဆောင်ရွက်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးကြရန်တို့ကို လက်တွေ့ကျကျ ကြိုးပမ်း ဖော်ဆောင်ပေးကြရန် ရှင်းလင်းမှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၂) သကြားစက်ရုံအတွင်း စက်များကြိတ်ခွဲရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် မျိုးသန့်ကြံစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် နေပြည်တော်ခရိုင် ကျီအင်းကျေးရွာအနီးရှိ တစ်ဧကပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိနိုင်မည့်မျိုးသန့်မျိုးပွား ၁၀ဧက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AFC President's Cup 2011 ဖွင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် မေ ၁၃ရက် ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် AFC President's Cup 2011 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများသည် ဘောလုံးသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် AFC President's Cup 2011 အဖွင့်ပွဲစဉ်အဖြစ် ရတနာပုံ FC (Myanmar) အသင်းနှင့် YEEDZIN FC (BHU) အသင်းတို့ ယှဉ်ပြိုင်ကစားခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ကွမ်းခြံကုန်း မေ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့် အဖွဲ့ဝင်များ၊ ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာနှင့် အဖွဲ့ဝင်များသည် မေ ၉ ရက် နံနက် ၉ နာရီက ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုပေးခြင်း၊ သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် အာဟာရအားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ပူးပေါင်းဆောင်ရွက်

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် တော်ပုလွဲရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ပုသိမ်မြို့ ရောရှေ့ဝါခန်းမ၌ကျင်းပ

ပုသိမ် မေ ၁၄

သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရောရှေ့ဝါ ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်တို့က အမှာစကားပြောကြားသည်။(အောက်ပုံ)

ထို့နောက် တိုင်းဒေသကြီးကိုးသိန်းအားကစားကွင်း သင်တန်းခန်းမ၌ ဦးစီးမှူးများနှင့် UNFPA၊ UNDP နှင့် Action Aid တို့မှ တာဝန်ရှိသူများက သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အကြောင်း သင်တန်းပို့ချခဲ့ကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၄ ဦးတက်ရောက်ကြပြီးသင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ကျန်းမာရေးသတင်းမှတ်စု

ပန်းကံ့ကော်ရနံ့သင်း၊ ဆေးဖက်ဝင်ခြင်းအဖုံဖုံ

သတင်းမှတ်စု-တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

"...သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုံကျင်း၊ သင်းပျံ့လို့လှိုင်"ဟု စာဆို ဖိုးသူတော်ဦးမင်း၏ လေးဆစ်သဖြန့်တွင်လည်းကောင်း၊

"...နေ့နှင့်ည နာရီမှာ သုံးဆယ်စီမကြူး၊ နှစ်လုံးညီတစ်ပတ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ" ဟုမြန်မာစာဆို ကဝိတစ်ဆူဖြစ်သည့် စလေဦးပုည၏ တေးထပ်ကဗျာတွင် လည်းကောင်း၊

*"...တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွှန်း"ဟု ကင်းဝန်မင်းကြီး၏ တန်ခူးလစာပန်းချီကို ခြယ်မှုန်းထားသော သံပေါက်တိုလေးတွင်လည်းကောင်း ကံ့ကော်ပန်းကို တန်ခူးလ၏ ရာသီပန်းအဖြစ် အသီးသီး ထည့်သွင်းရေးဖွဲ့ထားကြပါသည်။ ဤကဲ့သို့ ရာသီ၏အလှကို စာပန်းချီဖွဲ့ဆိုကြရာတွင် ဖော်ညွှန်းခြင်းခံရသည့် "**ကံ့ကော်ပန်း**"သည် ဆိုခဲ့သည့်အတိုင်း အလှတွင် အယဉ်ဆင့် တင့်လေသည်သာမက ဆေးဖက်ဝင်သည့် ပန်းမာလာ အဖြစ်လည်း ထင်ရှားလှသည်။*

ကံ့ကော်ပင်၏ ရုက္ခအမည်မှာ Mesua ferrea Linn ဖြစ်ပြီး မျိုးရင်းအနေဖြင့် GUTTIFERAE (ကံ့ကော်မျိုးရင်း)ဖြစ်ပါသည်။ အပင်၏ ပုံသဏ္ဍာန်မှာ အမြဲစိမ်းအပင်မျိုးဖြစ်၍ ပင်စည်ဖြောင့်မတ်ကာ အခေါက်ကြမ်းခြင်း၊ အကိုင်းအခက်များစွာဖြာခြင်း၊ ရွက်မြွှာများထွက်ခြင်း၊ ရွက်ကြောများထင်ရှားခြင်း စသည်တို့ တွေ့ရှိရပေမည်။

အပွင့်များပွင့်ရာ၌ စုံ၍ဖြစ်စေ၊ တစ်ပွင့်တည်းဖြစ်စေ ပွင့်လေ့ရှိကာ ပွင့်သည့်အချိန်ကာလမှာ တပို့တွဲမှ တန်ခူးလအထိဖြစ်ပြီး တန်ခူးလ၏ ရာသီပန်းတွင်ပါဝင်ကြောင်း ဖော်ပြပါစာပန်းချီတို့တွင် လေ့လာသိရှိရမည်ဖြစ်သည်။ ကံ့ကော်ပင်သည် ကဆုန်လနှင့် နယုန်လတို့တွင် အသီးများ သီးလေ့ရှိပြီး အသီး၏ပုံသဏ္ဍာန်မှာ အနည်းငယ်ထိပ်ချွန်၍ လုံးဝန်းနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ အဝါရောင်ဝတ်ဆံများသည် ကံ့ကော်ပွင့်တွင် ထူးခြားထင်ရှားလှပသည့် ပသာဒများပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်လေ့ရှိပြီး အမြင့်ပေ ၃၅၀၀ အထိမြင့်မားသည့် တောင်တန်းများနှင့် အမြဲစိမ်းသစ်တောများတွင် ပေါက်ရောက်ကာ အချို့ဥယျာဉ်ခြံများတွင်လည်း အလှပန်းပင်အဖြစ် စိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။

၎င်းကံ့ကော်ပင်၏ ဆေးဖက်ဝင်အဖြစ် အသုံးပြုသည့် အစိတ်အပိုင်းအမျိုးအစားများမှာ-အပွင့်၊ ဝတ်ဆံ၊ အစေ့၊ အမြစ်၊ အခေါက်နှင့် အစေ့ဆီတို့ဖြစ်ပါသည်။ ကံ့ကော်ပင်၏အရသာ၊ အကျိုးသွားနှင့် အာနိသင်များမှာ-အေး၊ ခါး၊ ဖန်သောအရသာရှိ၍ အစာကိုကြေညက်စေပြီး သက်သာပျောက်ကင်းစေသော ရောဂါများမှာ-သွေးဖောက်ပြန်ခြင်း၊ နှလုံးနာကျင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်းနှင့် ရောင်ရမ်းခြင်း စသည်တို့ဖြစ်ပါသည်။

*"**ကံ့ကော်ပွင့်**"ကို သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တင်ပြရလျှင် ကံ့ကော်ပွင့်ခြောက်အား ထောပတ်နှင့်သကြားတို့ကို ရောစပ်၍ ကြိတ်ပြီးစားပေးပါက ပူလောင်ခြင်းနှင့်ဒူလာသွေးကျရောဂါများကို သက်သာပျောက်ကင်းစေပါသည်။ ထို့အပြင်အဆိုပါကံ့ကော်ပွင့်ခြောက်များကို အစာအိမ်မကောင်းခြင်း၊ ချွေးထွက်လွန်ခြင်း၊ ချောင်းဆိုးသလိပ်များခြင်းရောဂါများအတွက် အသုံးပြုပါသည်။*

*"**ကံ့ကော်ဝတ်ဆံ**"ကို သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တင်ပြရလျှင် ကံ့ကော်ဝတ်ဆံနှင့် သကြားခဲကိုရောကြိတ်၍ ထောပတ်နှင့်တေပြီး စားသုံးပေးပါက ခြေပူ၊ ခြေကွဲ၊ ဒူလာသွေးကျရောဂါများကို သက်သာပျောက်ကင်းစေပါသည်။ ထို့အပြင် ကံ့ကော်ဝတ်ဆံကို သနပ်ခါးနှင့်ကြိတ်၍ သွေးလိမ်းပေးခြင်းဖြင့် အရေပြားပေါ်တွင်ပေါက်သော အဖုများ (နွေရာသီတွင် ဖြစ်ပေါ်တတ်သော မိတ်ဖုများ)၊ ယားနာများကို သက်သာပျောက်ကင်းစေပါသည်။ ကံ့ကော်ဝတ်ဆံသည် အပူလွန်နာ၊ သည်းခြေနာ၊ နှလုံးရောဂါများအတွက် လွန်စွာအစွမ်းထက်သော ဆေးတစ်လက်ဖြစ်သည့်အားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနသုံး ဆေးများဖြစ်ကြသည့်-*

(၁) ပန်းနာနှင့်သွေးဝမ်း၊ အစာအိမ်နာ စသော အဓိကရောဂါများအတွက် ကုသသည့်-သွေးဒူလာဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၈)

(၂) အပူလွန်နာနှင့် သည်းခြေပျက်နာ စသော ရောဂါများအတွက် ကုသသည့် ဒေဝသြသဓဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄)နှင့် သည်းခြေဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၁၅)

(၃) အပူနာနှင့်နှလုံးတုန်ရင်ခုန် မောပန်းနာ စသော ရောဂါများအတွက် ကုသသည့် အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေး အမှတ်-၁၆)

(၄) သွေးသည်းခြေနာများ၊ မီးယပ်သွေးငုပ်၊ ထိမ်၊ ဝမ်းဖောဝမ်းရောင်၊ အအေးဖျား၊ ကျောက်ဝက်သက်စသော ရောဂါများအတွက် ကုသသည့် သွေးဆေးနီ (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၁၇)

(၅) အဖျားအမျိုးမျိုးအတွက်ကုသသည့် ဇာတိလဝင်္ဂဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၃၅)

(၆) ခေါင်းအုံခြင်း၊ ဇက်လေးခြင်း၊ ညှော်မိခြင်းနှင့် ယားယံသောအနာများအတွက် ကုသသော အကင်းဆယ်ပါးဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄၃)

(၇) ဒူလာ၊ မီးယပ်၊ သူငယ်နာ၊ မီးယပ်သွေးပျက်နာစသော ရောဂါများအတွက် ကုသသည့် ကတိုးလိမ်းဆေး(တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၄၄)စသည့် ဆေးဖုံများတွင် ထည့်သွင်းဖော်စပ်ထားကြောင်း တွေ့ရှိရပေသည်။

ထို့အပြင် ကံ့ကော်ပင်၏ အမြစ်နှင့်အခေါက်သည် အားဆေးအဖြစ်လည်းကောင်း၊ အစေ့မှထုတ်ယူရရှိသော အဆီသည် အဆစ်အမျက်ရောင်ရောဂါ၊ ဝဲ၊ ယားနာ စသည့်ရောဂါများပျောက်ကင်းစေရန် လိမ်းဆေးအဖြစ်လည်းကောင်း အသုံးဝင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ပစ္စည်းထုတ်လုပ်မှု လျာထားချက်အပေါ် ၁၁၈ ရာခိုင်နှုန်းဖော်ဆောင်နိုင်

နေပြည်တော် မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ရေငန်ငါး၊ပုစွန် မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၁၀ ရက် နံနက် ၈နာရီက ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်း ဇောတ်တား၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ ဆွေးနွေးမှာကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး၏ GDP တွင် သားငါးကဏ္ဍသည် ၃၉ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအတွက် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုလျာထားချက်အပေါ် ၁၁၈ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ရေသယံဇာတများ လျော့နည်း မျိုးသုဉ်းမှု မရှိစေရန် ဂေဟစနစ်ကြီးထဲတွင် ပါဝင်နေသော သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ကျွန်းများကို ထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစိုက်ထည့်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ရေငန်ငါး ကကတစ် ကောင်ရေ တစ်သိန်းနှင့် ပုစွန်သားပေါက် ကောင်ရေ နှစ်သိန်းတို့ကို သဘာဝရေပြင်သို့ မျိုးစိုက်ထည့်ပေးကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၁၀နာရီတွင် ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ကျင်းပသည့်အမှတ်စဉ်(၁၈)၂၀၁၀-၂၀၁၁ပညာသင်နှစ် သူနာပြုသင်တန်းသားသင်တန်းသူများ၏ဦးဆောင်းနှင့် ကုတ်အင်္ကျီ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယနှစ်(အတန်းတင်) စာမေးပွဲတွင်ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်ဝန်ဆောင်မှုသင်တန်း နေပြည်တော်၌ ဖွင့်လှစ်ပို့ချမည်

နေပြည်တော် မေ ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် မေ ၁၁ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ရန်ကုန်မြို့ရှိဟိုတယ်နှင့်ခရီးသွား(ပုဂ္ဂလိက)သင်တန်းကျောင်း တာဝန်ခံများအား နိုင်ငံတကာအဆင့်မီအသိအမှတ်ပြုဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်းများ နေပြည်တော်၌ဖွင့်လှစ်နိုင်ရေးတွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းမှာကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေးတွင်မဖြစ်မနေလုပ်ဆောင်သင့်သည့် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဟိုတယ်ဝန်ထမ်းတိုင်း လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်စေရေးအတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို နိုင်ငံတကာအဆင့်နှင့်အညီ နေပြည်တော်၌ ဖွင့်လှစ်သင်ကြားပေးရန်၊ တက်ရောက်သင်ကြားပြီး အောင်မြင်သည့် သင်တန်းသားများအား နိုင်ငံတကာအဆင့်မီ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်နိုင်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးမြင့်မားသည့် ဟိုတယ်/ခရီးဝန်ဆောင်မှု ဖြစ်ပေါ်ရေး ဆောင်ရွက်ရန်စသည်ဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါအကြောင်း ပျော်ဘွယ်၌ ပညာပေးဟောပြော

ပျော်ဘွယ် မေ ၁၄

ပျော်ဘွယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဝက်နားရွက်ပြာရောဂါ ပညာပေးဟောပြောပွဲကို မေ ၁၀ ရက် ညနေ ၃ နာရီက ရှမ်းပွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်မာရီနှင့် ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညွှန့်၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

လိုက်လံစစ်ဆေး

ဆက်လက်၍ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်မာရီက ဝက်နားရွက်ပြာရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပညာပေးဟောပြောပြီး ရပ်ကွက်အတွင်း ဝက်မွေးမြူသည့် ဝက်ခြံများတွင် ဝက်နားရွက်ပြာရောဂါ ကူးစက်မှု ရှိမရှိ လိုက်လံစစ်ဆေးကြသည်။

ဟောပြော

ထို့နောက် မြို့ပေါ် ရှစ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း အသံချဲ့စက်နှင့်လှည့်လည်၍ ဝက်နားရွက်ပြာရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာ အသိအမှတ်ပြု ISO 9001: 2008 လက်မှတ်ချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၄

ပန်းလှိုင်ဆေးရုံသို့ အင်္ဂလန်နိုင်ငံ GIC (Guardian Independent Certification Ltd) အဖွဲ့မှ နိုင်ငံတကာအသိအမှတ်ပြု ISO 9001: 2008 Certificate ချီးမြှင့်ခြင်း အခမ်းအနားကို မေ ၈ ရက် ညနေ ၇ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel ၌ ကျင်းပရာ ရှေးဦးစွာ ပန်းလှိုင်ဆေးရုံအုပ် ဒေါက်တာ ရဲမိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ISO လက်မှတ် ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်၊ ပန်းလှိုင်ဆေးရုံ၏ Quality Management System for Provision of Health Care အတွက် ISO လက်မှတ်ရရှိခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြောကြား

ထို့နောက် ပန်းလှိုင်ဆေးရုံ၏ Medical Director ပါမောက္ခ ဦးဝင်းမြင့်က ပန်းလှိုင်ဆေးရုံ၏ Standard Health Care နှင့် စပ်လျဉ်း၍ ပြောကြားပြီး GIC အဖွဲ့အစည်း၏ Operation Director ဒေါက်တာ တင်လတ်က ISO 9001: 2008 နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ဒေါက်တာ တင်လတ်က ပန်းလှိုင်ဆေးရုံသို့ ချီးမြှင့်သည့် ISO 9001: 2008 Certificate ကို ဆေးရုံအုပ် ဒေါက်တာ ရဲမိုးမြင့် ထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

မြေကြီး၊ မြေပုံနှင့် စိုက်ကေစာရင်းမှန်ကန်ရေး နတ်တလင်းမြို့နယ်၌ဆောင်ရွက်

နတ်တလင်း မေ ၁၄

ပဲခူးတိုင်းဒေသကြီးတွင် မြေကြီး၊ မြေပုံနှင့်စိုက်ကေ စာရင်းကိန်းဂဏန်းများ တိကျမှန်ကန်စွာ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင်လည်း မြေစာရင်းဝန်ထမ်း ၄၃ဦးဖြင့် မြို့နယ်တွင်းရှိ ကွင်းပေါင်း ၃၂၈ကွင်း၊ အကွက်ပေါင်း ၁၇ကွက် ဧရိယာ ၃၃၇၈၈၃ ဧက၌ မြေကြီး၊ မြေပုံမှန်ကန်ရေးအတွက် မေ ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိပြီး မေ ၃၀ ရက်တွင် ပြီးစီးမည်ဖြစ်သည်။ နတ်တလင်းမြို့နယ် တွတ်တောကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၆)၌ မြေကြီး၊ မြေပုံလုပ်ငန်း ဆောင်ရွက်နေမှုကို မြေစာရင်း ဦးစီးအရာရှိ ဦးသောင်းစိန်နှင့် ဒုတိယဦးစီးမှူး ဦးအေးချိုတို့ မေ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ပခုက္ကူမြို့ မြို့မလမ်းရှိ အထွေထွေရောဂါကုဆေးရုံကြီးရှေ့ ရေမြောင်းမှ အမှိုက်များ ဆယ်ယူသန့်ရှင်းခြင်းကို လက်ထောက် အင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့်နှင့်အဖွဲ့ ဆောင်ရွက်နေမှုအား မေ ၇ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အမှုဆောင်အရာရှိ ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၀၂)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ် ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာအချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

ရန်ကုန် မေ ၁၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို မေ ၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာအဝေးပြေးစခန်းအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ (ဒုတိယညွှန်ကြားရေးမှူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲအပြီးတွင် အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းမှ ထွက်ခွာသော ခရီးသည်တင်ယာဉ်ကြီးများကို ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ မရှိကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

15-5 (07).pmd 1 5/15/2011, 2:02 AM

လှည့်လည်ကြည့်ရှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ **General Xu Caihou** နှင့် အဖွဲ့ ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ တရုတ်တပ်မတော် အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လိုက်ပါလျက် နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဝိပဿနာအဆင်တန်ဆာ** တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၂)
၈:၅၀ စာပန်းအိမ်၏ သမိုင်းသစ်
၉:၀၅ အရွယ်မရွေးလှပစေဖို့...
၉:၂၅ လွယ်ကူသက်သာစားစရာ သကြား Puff ပြုလုပ်နည်း
၉:၃၀ Sunday Talk မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ
၁၀:၁၅ ရေသန့်ဆိုသည်မှာ...
၁၀:၃၀ ဗီဒီယိုပြခန်း
၁၀:၅၀ ဈေးဝယ်လမ်းညွှန် (Diamond City Jewellery)
၁၁:၂၀ နယည်ဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) မင်္ဂလာဆောင်လက်ကိုင်ပန်းနှင့် Artist လက်ကိုင်ပန်းပြုလုပ်နည်း
၁၁:၅၀ Sport Diary
၁၂:၁၀ **"ဝ"တာ တကယ်လှလို့လား** ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (သာကေတမြို့နယ်အလယ် ခိုင်ရွှေဝါလမ်း မိသားစု၏ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပွဲ)
၁၂:၄၀ အရဏ်ဦးမှာ အလှဆင်စရာ ခန်းဆီးလိုက်ကာများ...
၁:၀၀ **ဝိပဿနာအဆင်တန်ဆာ** တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **ပြဿနာရှာတာ ကောင်းတယ်၊ ပြဿနာမရှာတာ ကောင်းတယ်**
၃:၁၅ BIFF & BIL 2011 Myanmar Show
၃:၄၅ Activities in the City (D' Olympic အားကစားပစ္စည်းဆိုင် သစ်ဖွင့်ပွဲအခမ်းအနား)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၂)
၅:၀၀ FMF Selection
၅:၃၅ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅)
၇:၃၅ သွားမယ်စားမယ် (Jumbo Sea Food Restaurant, Singapore)
၈:၀၀ MRTV-4 သတင်း
၈:၃၀ MRTV-4 နှစ်ပတ်လည် ဂုဏ်ပြုအစီအစဉ်
၈:၄၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၆)
၉:၀၀ Kid's Show
၉:၃၀ **Barclays Premier League (Birmingam Vs Fulham)**
၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၆၃)
၁၂:၂၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၂)
၁၂:၅၀ **နွေးထွေးသောမေတ္တာအိမ်ကလေး** ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁:၁၅ Shooting Location (ဓီဇဝါခြိ)
၁:၃၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့် ပြုလုပ်နည်း)
၁:၄၅ လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၂:၁၅ ရလဒ်ကောင်းများနှင့် Organic
၂:၂၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
၃:၀၀ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၃:၁၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၃:၂၅ ရောင်စုံရသနီယွန်ည
၃:၅၅ လွမ်းတင်သည့်ကြိုး
၄:၁၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၄:၃၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၄:၄၅ ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင်အရှေ့ မဟာဗုဒ္ဓ ဘုရားကြီး (ခေါ်) မွေတော် မွန်ရောဇ်စေတီတော်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Chelsea- Newcastle	ESPN (Live)
၉:၂၅	Arsenal-Aston Villa	ESPN (Live)
	Liverpool- Tottenham	Star Sports (Live)
၁၁:၃၀	Wigan - West Ham	ESPN (SDD)
	Birmingham -Fulham	Star Sports (SDD)

ဆန်အိတ်ဖြည့်စက်များ ကုန်စည်ပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် မေ ၁၄

Smart Business Group မှ ကြီးမှူး၍ Living Products Expo ပြပွဲကို မေ ၁၃ ရက် မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ မြပန်ဝါပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပေးနိုင်

အဆိုပါပြခန်းတွင် မီးလင်းကတ္တားနှင့်အတူ Vertex Rice Machinery Pte., Ltd. မှ ထုတ်လုပ်သည့် ဆန်စက်များတွင် အသင့်တပ်ဆင် အသုံးပြုနိုင်သော ဆန်အိတ်ဖြည့်စက်များကို ပြသထားသည်။ အဆိုပါ ဆန်အိတ်ဖြည့်စက်မှာ ဆန်အလေးချိန် ၅ ကီလို၊ ၁၅ ကီလိုနှင့် ၂၅ ကီလို အိတ်များအဖြစ် ဖြည့်သွင်းပေးပြီး အိတ်များကို အသင့်ချုပ်ပေးနိုင်ကာ တစ်နာရီလျှင် ဆန်အိတ် ၇၀၀ နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

မှာယူနိုင်

Vertex ဆန်စက်သုံး အိတ်ဖြည့်စက်ကို မှာယူလိုပါက ဖုန်း-၀၉-၅၁၄၃၂၅၄နှင့် ၀၉-၇၃၀၀၉၆၄၁ တို့ထံသို့ မှာယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် မေ ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှ အပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၆ ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ငါးရစ် ငါးသန့် ဘေးမဲ့ချွန် ပုံမှန်စားသုံး မျိုးမသုဉ်း

ငဖဲမြို့နယ်တွင် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဧပြီ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးသိန်းငွေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းမင်းသန့်တို့ ဦးဆောင်ပြီး ရေမြောင်းများအား မြောင်းစာ ဆယ်ယူခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း B.O.T စနစ်နှင့် လေလံစနစ်ဖြင့် လမ်း၊ တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင် ၁၅၅ ဖွဲ့အား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

B.O.T လေလံစနစ်လုပ်ဆောင်နေသော လုပ်ငန်းရှင်များ လမ်း၊ တံတားအသုံးပြုခ သတ်မှတ်နှုန်းအတိုင်းကောက်ခံ

နေပြည်တော် မေ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း B.O.T စနစ်နှင့် လေလံစနစ်ဖြင့် လမ်း၊ တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင် ၁၅၅ ဖွဲ့အားတွေ့ဆုံ၍ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်း၊ တံတား အသုံးပြုသူများက သတ်မှတ်ထားသည့် (ကုန်+ယာဉ်)အလေးချိန်အတိုင်း တင်ဆောင်ပြီး ဖြတ်သန်းသွားလာစေရန်၊ B.O.T နှင့် လေလံအောင်မြင်ရရှိထားသည့် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်က သတ်မှတ်ပေးထားသည့် နှုန်းထားများ အတိုင်း လမ်း၊ တံတား အသုံးပြုခများကို ကောက်ခံရန်၊ လုပ်ငန်းရှင်များအနေဖြင့် အများပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးတို့အတွက် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုအပေါ် အခွန်ကောက်ခံရာတွင် စနစ်တကျဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လမ်းဂိတ်များတွင် လမ်း၊ တံတားအသုံးပြုခ ကောက်ခံသည့်နှုန်းထား ဆိုင်းဘုတ်များကို မြင်သာသည့်နေရာ၌ သတ်မှတ်ထားသည့် အရွယ်အစားအတိုင်း စိုက်ထူထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်နိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Kuming Henglong Building Construction Co., Ltd. ၏ ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Feng Jiangong ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Kuming Henglong Building Construction Co., Ltd. ၏ ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Feng Jiangong ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း အားကစားဖောင်ပိတ်သတင်း

အာကာဟိန်း

ရေးသားသည်

မန်ယူတို့ ပရီမီယာလိဂ်ဖလား (၁၉) ကြိမ်မြောက်ရဖို့သေချာသွား

လန်ဒန် မေ ၁၄

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်(၃၇)အဖြစ် ဘလက်ဘန်းနှင့် မန်ယူတို့ မေ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီ၌ ဖလားရရန် တစ်မှတ်သာလိုအပ်နေသော မန်ယူတို့ ပွဲအပြီးတွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရရှိရန် သေချာသွားခဲ့ပြီဖြစ်သည်။

ပွဲအစပိုင်းတွင် မန်ယူတို့ ဖလားရယူနိုင်ရေးအတွက် အကြိမ်ကြိမ်ထိုးဖောက် ကစားခဲ့သော်လည်း အရာမထင် ဖြစ်နေရာ ပွဲချိန် မိနစ် ၂၀ တွင် ဘလက်ဘန်းမှ အီမာတန် အနီးကပ် ကန်သွင်းယူခဲ့သဖြင့် ဘလက်ဘန်းတို့ အဖွင့်ဂိုးဦးစွာ ရရှိသွားခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်းမန်ယူတို့ ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

မန်ယူတို့ ဘလက်ဘန်းကို သရေပွဲကစားပြီးနောက် ပရီမီယာလိဂ်ဖလားအတွက် ဤသို့အောင်ပွဲခံ ပျော်ရွှင်ကြသည်။

ချေပဂိုးရရှိ

ပွဲချိန် ၇၃ မိနစ်၌ ဘောလုံးဆွဲယူလာသော မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ဘလက်ဘန်းဂိုးဇရိယာအတွင်း ဂိုးသမားရော်ဘင်ဆင်က ဟန့်တားဆွဲလှဲသလိုဖြစ်ခဲ့သဖြင့် မန်ယူတို့ ပယ်နယ်တီ ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ရွန်နေက ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ချေပဂိုး ရရှိခဲ့သည်။ ချေပဂိုးရရှိပြီးနောက် မန်ယူတို့ အင်တိုက်အားတိုက် မကစားတော့ဘဲ သရေရလဒ်ကိုသာထိန်းပြီး ကစားခဲ့သည်။

ယခုပွဲ၌ မန်ယူတို့တစ်မှတ်ရရှိခဲ့သဖြင့် ပြိုင်ပွဲ ပွဲစဉ်များ မပြီးသေးသော်လည်း ယခုနှစ် ပရီမီယာလိဂ်ဖလားကို ရယူဖို့ သေချာသွားခဲ့ပြီဖြစ်သည်။ ယခုဖလားသည် နည်းပြ ဖာဂူဆန်လက်ထက်၌ (၁၂)ကြိမ်မြောက် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ မန်ယူတို့အတွက် ပရီမီယာလိဂ်ဖလား (၁၉)ကြိမ် ရရှိခဲ့ခြင်းဖြစ်ရာ ပရီမီယာလိဂ်၌ ယခင်က စံချိန်တင်ထားသော လီဗာပူး၏(၁၈)ကြိမ် ပရီမီယာလိဂ်ဖလား ရယူထားသည့် စံချိန်ကို ချိုးနိုင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မန်စီးတီးတို့ အက်ဖ်အေဖလား ဆွတ်ခူး

လန်ဒန် မေ ၁၄

အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ မေ ၁၄ ရက်၌ မန်စီးတီးနှင့် စတုတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်စီးတီးက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။ **(ဓါပုံ)**

မန်စီးတီးတို့ အက်ဖ်အေဖလား ရရှိရေးကြိုးစားခဲ့ရာ ဒုတိယပိုင်း ၇၄ မိနစ်တွင် မန်စီးတီးမှ ယာယာတိုရေးက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးတို့ အက်ဖ်အေဖလား ရယူနိုင်ခြင်းမှာ ၃၇ နှစ်ကြာ ဆုဖလားမရခဲ့မှုကိုလည်း အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန် လေ့ကျင့်လျက်ရှိ

ရန်ကုန် မေ ၁၄

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ အောင်ပန်းဆွတ်လှမ်းနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ ရန်ကုန်မြို့ရှိ အင်းလျားကန်၌ လေ့ကျင့်လျက်ရှိသည်။ ထိုသို့လေ့ကျင့်ရာ၌ ကနူးကယက်လှေ၊ အနောက်တိုင်းလှေနှင့် ရိုးရာလှေများ စံချိန်ယူပြီး လှော်ခတ်မှုများ ပါဝင်လေ့ကျင့်လျက်ရှိသည်။**(ယာပုံ)**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ နည်းစနစ်မှူးများနှင့်အတူ ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ သွားရောက်ပြီး မြန်မာ့လက်ရွေးစင်လှေလှော် အားကစားသမားများ၏ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ရာ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် မေ ၁၄

ဝန်ကြီးဌာနများရှိ စက်ရုံများ၏ လစဉ် အမှန်တကယ်သုံးစွဲလိုသည့် ဓာတ်အားလိုအပ်ချက်ပမာဏ သိရှိပြီး လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဝန်ကြီးဌာနများ၏ စက်ရုံများမှ လိုအပ်သော ဓာတ်အားမဂ္ဂါဝပ်ပမာဏ၊ စက်ရုံတည်နေရာ၊ စက်ရုံ လည်ပတ်ချိန် စသည်တို့ကို တင်ပြပေးရန်လိုကြောင်းနှင့်ဓာတ်အားအကျိုးရှိစွာဖြင့် အပြည့် ဖြန့်ဖြူးနိုင်ရေး ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တက်ရောက်လာသော ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဝတီနှင့်ချင်းတွင်းမြစ်ကြောင်းများ ရာသီမရွေးသွားလာနိုင်ရေး မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် မေ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Chief Representative ဖြစ်သူ H.E.Mr. Hideo Miyamoto နှင့်အဖွဲ့သည် မေ ၁၃ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ဂျပန်နိုင်ငံအကြား ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းမြှင့်တင်ရေးကဏ္ဍရပ်များ၊ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းများအတွင်း ရာသီမရွေး၊ အချိန်မရွေး ရေကြောင်းသွားလာနိုင်ရေးကိစ္စရပ်များ၊ သဘာဝ ဘေးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများအတွက် နည်းပညာနှင့် အချက်အလက်များ အကူအညီပေးရေးကိစ္စရပ်များနှင့် မှန်တိုင်းခန့်မှန်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံ၌ ဂါလန်တစ်သိန်းနှစ်သောင်းဆံ့ သောက်ရေကန် တည်ဆောက်

နေပြည်တော် မေ ၁၄

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၈ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေးအတွက် အလှူရှင်များ လှူဒါန်းသည့် အလှူငွေစုစုပေါင်း ငွေကျပ် ၆၈၅၀၀၀၀ ကို လက်ခံယူသည်။

ထို့နောက် ကျိုင်းတုံမြို့ ဆင်နှစ်ကောင်ကုန်း၌ ဂါလန် တစ်သိန်းနှစ်သောင်းဆံ့ သောက်သုံးရေကန် တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုင်းတုံ-တောင်ကြီးလမ်း မိုင်တိုင် ၃၈၉ ရှိ ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေး ရေကန်သစ် တည်ဆောက်နေမှုနှင့် မိုင်းပျဉ်းမြို့နယ် ပန်နောက်လုံကျေးရွာအနီး တာကော်-မိုင်းပျဉ်း-ကျိုင်းတုံလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် မေ ၉ရက် နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့နယ်ရှိ တာကော်တံတားကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မွန်းလွဲပိုင်းတွင် ခိုလမ်မြို့သို့ ရောက်ရှိပြီး ခိုလမ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုနှင့် ကမ္ဘောဇကုမ္ပဏီလီမိတက်က လှူဒါန်းသည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၀ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ဆရာဝန်အသင်းခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ်၏လုပ်ငန်းဆိုင်ရာ မှာကြားချက်များ မော်လမြိုင်၌ ထပ်ဆင့်မှာကြား

နေပြည်တော် မေ ၁၄

ပြည်ထောင်စု ရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများအား တွေ့ဆုံမှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ထပ်ဆင့်မှာကြားသည့် အခမ်းအနားကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံ၍ ထပ်ဆင့်မှာကြားကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မေ၁၀ရက်က ပြည်မြို့နယ် မင်းကြီးတောင် အတက်လမ်းတွင် လမ်းများပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်(၂၈) မြေညီထပ်နေ ဒေါက်တာ ဦးမြင့်သောင်းနှင့် မိသားစုက ဒေါ်ညို၏ လေးနှစ်မြောက်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အမျိုးသား ကာကွယ်ဆေးထိုးနေ့အကြောင်း သိကောင်းစရာများ အသိပေးဆွေးနွေးပွဲကို မေ ၁၀ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး အမှာစကားပြောကြားစဉ်။ (၁၀၂)

အိမ်သုံး၊ ရုံးသုံးပရိဘောဂများ ကုန်စည်ပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် မေ ၁၄

Smart Business Group မှ ကြီးမှူး၍ ELECTRONIC & LIVING PRODUCTS EXPO-ကုန်စည်ပြပွဲကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ ē Ko Office Solution ပြခန်း ပါဝင်ပြသလျက်ရှိသည်။

မှာယူနိုင်

Nat Ray Co., Ltd.၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် ē Ko Office Solution ပြခန်းတွင် Versa Link, EURO, Benel, Comfort အမှတ်တံဆိပ်၊ ရုံးသုံး၊ လုပ်ငန်းသုံးပရိဘောဂများ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဘဏ်လုပ်ငန်းသုံး ပရိဘောဂများ၊ ဧည့်ခန်းများ၊ ဥယျာဉ်သုံး ပရိဘောဂများ၊ စားပွဲအမျိုးမျိုး၊ ကုလားထိုင်အမျိုးမျိုးတို့ကို ခင်းကျင်းပြသထားသည်။ ပြပွဲအပြီး ပစ္စည်းများ မှာယူလိုပါက A(2) မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၂၃၉၁၊ ၀၉-၇၃၁၀၈၈၉၆၊ ၀၉-၉၀၃၁၂၇၇ နှင့် အမှတ်(၂၂) ၉ မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၇၆၉၊ ၆၅၆၁၆၂တို့သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

စီမံကိန်းတာဝန်ပေးအပ်ပွဲ မြို့သစ်၌ကျင်းပ

မြို့သစ် မေ ၁၄

မကွေးခရိုင် မြို့သစ်မြို့နယ်၏ ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၀ရက် နံနက် ၉ နာရီက မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်

စီမံကိန်းတာဝန်ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အမှာစကားပြောကြားပြီးနောက် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန စီမံကိန်းဦးစီးမှူး ဦးမျိုးညွန့်က စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ တာဝန်ပေးအပ်ပွဲတွင် လယ်ယာ၊ သားငါး၊ သစ်တော၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍများအလိုက် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ဂန္တဝင်တိုက်စစ်မှူး ရော်နယ်ဒို ဘောလုံးပြန်ကစားမည်

ဘရာဆီးလီးယား မေ ၁၄

ဘရာဇီးဂန္တဝင်ဘောလုံးသမားကြီး ရော်နယ်ဒိုသည် ဘရာဇီးကလပ် ကိုရင်သီယန်အသင်းတွင် ပြန်ကစားလိမ့်မည်ဖြစ်ကြောင်း ၎င်းအသင်းဥက္ကဋ္ဌ အန်ဒရက်ဆန်ချက်က မေ ၁၃ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဆွတ်ခူးပေး

တိုက်စစ်မှူး ရော်နယ်ဒိုသည် **(ဝဲပုံ)** ဘရာဇီးအသင်းနှင့်အတူ ၁၉၉၄ နှင့် ၂၀၀၂ ခုနှစ်တို့တွင် ကမ္ဘာ့ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် မကြာသေးမီက ဘောလုံးကစားခြင်းမှ အနားယူခဲ့သည်။ သို့သော် ကိုရင်သီယန်အသင်းတာဝန်ရှိသူများ၏ မေတ္တာရပ်ခံချက်အရ ရော်နယ်ဒိုသည် ဘောလုံးကစားခြင်းဖြင့် သူ့ဘဝသစ်ကို ပြန်လည်စတင်ရန် ပြင်ဆင်လျက်ရှိသည်။ ကိုရင်သီယန် အသင်းက ၎င်းအား ၂၀၁၂ ခုနှစ် နှစ်လယ်အထိ စာချုပ်ချုပ်ဖွယ်ရှိသည်။

အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး ရော်နယ်ဒိုသည် လာမည့်သီတင်းပတ်များအတွင်း ဘောလုံးပြန်ကစားမည်ဖြစ်သည်။ ကိုရင်သီယန်အသင်းသည် လာမည့် မေ ၂၅ ရက်တွင် အင်တာမီလန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂ ရက်၌ ဘာစီလိုနာအသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးကစားမည်ဖြစ်သည်။ ယင်းပွဲများတွင် ရော်နယ်ဒို ပြန်လည်ပါဝင်ကစားလိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**

ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး အောတင်တော့ပ် ရီးရဲမက်ဒရစ်ခေါ်ယူရန် စိတ်ဝင်စားနေ

မက်ဒရစ် မေ ၁၄

*ဘိုင်ယန်မြူးနစ် ကစားသမားအောတင်တော့ပ် **(အပေါ်ယာစွန်ပုံ)**အား ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ဘိုင်ယန်မြူးနစ်အသင်း ဥက္ကဋ္ဌ ကားလ်ဟိန့်ဇ်က အတည်ပြုပြောကြားသည်။*

အောတင်တော့ပ်သည် ယခုနှစ်ရာသီကုန်လျှင် ဘိုင်ယန်မြူးနစ်နှင့် ချုပ်ဆိုထားသည့် စာချုပ်ကုန်ဆုံးမည်ဖြစ်သည်။ ယင်းအတွက် ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက အရခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

ငြင်းဆိုခဲ့

တိုက်စစ်မှူး အောတင်တော့ပ်သည် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် အစပွဲ သုံးပွဲသာပါဝင်ကစားခဲ့ရသည်။ ယင်းအတွက် ဘိုင်ယန်မြူးနစ်တွင် ဆက်လက်စာချုပ်ရန် အောတင်တော့ပ်က ငြင်းဆိုခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ အောတင်တော့ပ်သည် ဂျာမနီနိုင်ငံဖွားဖြစ်သည်။ သို့သော်လည်း တူရကီနိုင်ငံသားခံယူထားသဖြင့် တူရကီလက်ရွေးစင်အသင်းတွင် ကစားလျက်ရှိသည်။ ၎င်းသည် ၂၀၀၇ ခုနှစ်က ဘိုင်ယန်မြူးနစ်သို့ မပြောင်းမီ ရှော်လ်ကေး-၀၄အသင်းတွင် ကစားခဲ့သည်။ ***(အင်တာနက်)***

ရိန်းဂျားစ်တိုက်စစ်မှူး ဂျီလာဗစ်အား မန်ယူက ပေါင် ၁၃ သန်းဖြင့်ခေါ်ယူမည်

ကောင်းမြတ်သူ စုစည်းသည်

မက်ဒရစ် မေ ၁၄

ရိန်းဂျားစ်တိုက်စစ်မှူး နစ်ကီကာဂျီလာဗစ်အား မန်ယူက ပေါင် ၁၃ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း မန်ယူအသင်းတာဝန်ရှိသူများက ပြောကြားသည်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျီလာဗစ်သည် ရက်ပစ်ဗီယင်နာအသင်းမှ ပြီးခဲ့သည့်ဩဂုတ်လတွင် ရိန်းဂျားစ်သို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

သူသည် ရိန်းဂျားစ်အသင်းသို့ ရောက်ရှိလာပြီးနောက် ပထမဆုံးဘောလုံးရာသီတွင် ယခုအထိ ၂၆ ပွဲ ပါဝင်ကစားကာ ၁၈ ဂိုး သွင်းယူပေးထားသည်။ (ယာပုံ)

ပြင်ဆင်နေ

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန် ရည်မှန်းလျက်ရှိရာ တိုက်စစ်မှူးကောင်းတစ်ဦး ထပ်မံအလိုရှိနေသည်။ ယင်းလိုအပ်ချက်ကို နည်းပြဖာဂူဆန်က အမြန်ဆုံး ဖြည့်တင်းရန် ပြင်ဆင်နေသည်။

တိုက်စစ်မှူး ဂျီလာဗစ်သည် ခရိုအေးရှားလက်ရွေးစင် ဘောလုံးသမားဖြစ်ပြီး သူသည် ခရိုအေးရှားအသင်း၏ အဓိက ကစားသမားလည်း ဖြစ်သည်။ *(အင်တာနက်)*

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး မက်အဒမ်

မောင်မောင်မြင့်ဆွေ စုစည်းသည်

ပါရီ မေ ၁၄

ကျင်းပလျက်ရှိသော ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် အမေရိကန်ဟောလီဝုဒ် ရုပ်ရှင်မင်းသမီး ရာချယ်မက်အဒမ်သည် ၎င်းနှင့်စေ့စပ်ထားသူ အမျိုးသားမိတ်ဆွေ မိုက်ကယ်ရှိန်းနှင့် အတူတွဲကာ မေ ၁၃ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်ရှိခဲ့ကြသည်။

အသက် ၃၄ နှစ်အရွယ်ရှိ မက်အဒမ်**(ဝဲပုံ)**သည် ဟောလီဝုဒ်၌ ထင်ပေါ်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီးဖြစ်ရာ ၎င်းတို့စုံတွဲသည် ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး စုံတွဲဖြစ်ခဲ့သည်။ တစ်ဖန် ကိန်းစ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲနေ့၌ သူမ ပါဝင်သရုပ်ဆောင်ထားသည့် Midnight in Paris အမည်ရှိ ဇာတ်ကားပြသခဲ့ရာ ပရိသတ်အထူးစိတ်ဝင်စားမှု ရရှိခဲ့သည်။

မိတ်ဆက်ပြသ

Midnight in Paris ဇာတ်ကားကို အမေရိကန်နိုင်ငံတစ်ဝန်း၌ မေ ၂၀ ရက်၌ ရုံတင်ပြသရန် စီစဉ်ထားရာ ယခုကိန်းစ်ရုပ်ရှင်ပွဲတော်၌ အကြိုမိတ်ဆက်ပြသခြင်းလည်း ဖြစ်သည်။

မှတ်တမ်းဝင်

မက်အဒမ်သည် ဒိန်းကာတန်၊ ဟယ်ရီဆင်ဖို့ဒ်တို့နှင့် အတူတွဲပြီး သရုပ်ဆောင်ထားသည့် Morning Glory ဇာတ်ကားကို ပြီးခဲ့သည့် နိုဝင်ဘာလက ရုံတင်ပြသခဲ့ရာ ပထမသီတင်းပတ်၌ပင် ဝင်ငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၂ သန်း ရရှိခဲ့သည်။ ယင်းမှာ သီတင်းတစ်ပတ်အတွင်း ပဉ္စမမြောက်ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၁၂ နှစ်၌ပင် ရုပ်ရှင်လောကသို့ စတင်ရောက်ရှိခဲ့ပြီး Queen Bee၊ Mean Girls၊ Wedding Crashers၊ The Family Stone စသည့် ဇာတ်ကားများ၌ အထူးအောင်မြင်ခဲ့သူ ဖြစ်သည်။ Weddint Crashers ဇာတ်ကားသည် အမေရိကန်ဒေါ်လာ ၂၀၉သန်းအထိ ရရှိခဲ့သည့် ဇာတ်ကားဖြစ်ခဲ့သည်။ မက်အဒမ်သည် မိုက်ကယ်ရှိန်းနှင့် မကြာမီ လက်ထပ်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားမင်းသားဘေယောင်ဂျွန် လျှင်ဘေးသင့်သူများအတွက် ငွေလှူဒါန်း

ဆိုးလ် မေ ၁၄

တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဘေယောင်ဂျွန်*(အပေါ်ပုံ)*သည် ဂျပန်နိုင်ငံရှိ ငလျင်နှင့် ဆူနာမီဘေးဒဏ်ကြုံတွေ့ခံရသူ ပြည်သူများအတွက် ဝမ်တစ်ဘီလီယံလှူဒါန်းလိုက်ကြောင်း ဘေယောင်ဂျွန်က မေ ၉ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုတစ်ရပ်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း ဘေယောင်ဂျွန်က ပြောကြားသည်။ တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဘေယောင်ဂျွန်သည် အသက် ၃၉ နှစ်အရွယ်ရှိပြီး ဂျပန်ပရိသတ်များအကြား Winter Sonata ရုပ်မြင်သံကြား ဇာတ်လမ်းတွဲဖြင့် နာမည်ကြီးခဲ့သူဖြစ်သည်။

ထို့အတူ တောင်ကိုရီးယား သရုပ်ဆောင် ရှူစီဝမ် ၃၉ နှစ်ကလည်း ဂျပန်နိုင်ငံ ငလျင်နှင့်ဆူနာမီ ဘေးဒုက္ခကြုံတွေ့ရသူများအား ဝမ်သန်း ၂၀၀ လှူဒါန်းခဲ့ပြီး သူကိုယ်တိုင်လည်း ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။ *(အင်တာနက်)*

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး အီဂျီအက် နှင့် အဆိုတော်ဆိုတေဂျီတို့ကွာရှင်းပြီ

ဆိုးလ် မေ ၁၄

တောင်ကိုရီးယားမှ နာမည်ကြီးအဆိုတော် ဆိုတေဂျီနှင့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး အီဂျီအက်တို့သည် မေ ၈ ရက်၌ တရားဝင် ကွာရှင်းလိုက်ကြပြီဖြစ်သည်။ ***(ယာပုံ)***

အဆိုတော်ဆိုတေဂျီနှင့် အီဂျီအက်တို့သည် ၁၉၉၇ ခုနှစ် အောက်တိုဘာလက နှစ်ဦးသဘောတူ တရားရုံး၌ လက်မှတ်ရေးထိုးကာ လက်ထပ်ခဲ့ကြသူများဖြစ်ကြပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လမှစတင်ကာ သီးခြားစီ နေထိုင်ခဲ့ကြသူများဖြစ်သည်။

မိမိတို့နှစ်ဦးသည် ကိုယ်ရေးကိုယ်တာကိစ္စများနှင့် အနာဂတ်အစီအစဉ်များအပေါ် သဘောထားကွဲခဲ့ကြပြီး ညှိနှိုင်း၍မရသည့်အတွက် တရားဝင်ကွာရှင်းလိုက်ကြခြင်းဖြစ်ကြောင်း အဆိုတော်ဆိုတေဂျီက ပြောကြားသည်။ ရုပ်ရှင်မင်းသမီး အီဂျီအက်ကလည်း မိမိတို့တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် မေ ၁၃ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် လေဆိပ်၊ ရေဆိပ်တို့၏ လူဝင်၊ လူထွက် စစ်ဆေးမှု လုပ်ငန်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

Dumex မိသားစု အမေများနေ့ကျင်းပ

ရန်ကုန် မေ ၁၄

အမေများနေ့ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၈ရက်က Capital Hypermarketတွင် Mo Asia Co., Ltd. Dumex က စီစဉ်ကျင်းပရာ အဆိုပါ အခမ်းအနားတွင် Dumex World Member မိခင်များ၊ Dumex Mama Clubမှ မိခင်များ၊ အကယ်ဒမီလူမင်းနှင့်မိသားစု၊ အဆိုတော် R ဇာနည်နှင့် မိသားစုနှင့် ဈေးဝယ်လာသူမိခင်များက ပါဝင်ဆင်နွှဲခဲ့ကြပြီး ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပျော်ရွှင်ဖွယ် အစီအစဉ်များဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် John Lwin ဦးစီးသော Stars & Models International မှမော်ဒယ်လေးများ၏ အကအလှဖျော်ဖြေတင်ဆက်မှုများ၊ မိခင်နှင့် သားသမီးများပူးတွဲ၍ ပျော်ရွှင်ဖွယ်ကစားပွဲများ၊ သားငယ်သမီးငယ်တို့၏ မိခင်မေတ္တာအကြောင်း ဖော်ကျူးသည့်ပြိုင်ပွဲတို့အပြင် လူရွှင်တော် စံလင်းနှင့်အဖွဲ့၏ ဟာသလှိုင်ဆေး တိုက်ကျွေးမှုများဖြင့် ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့ဘောကြယ်ပွင့်များ** (အပိုင်း-၄)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာတရားရဲ့ လှည့်ကွက်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေး ပြယ်ပါစေ** (အပိုင်း-၆၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၀ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၀ ၈။ မြန်မာ့ရှုခင်း
- ၄:၅၀ ၉။ အားလုံးရဲ့တာဝန်
- ၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၅ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **အရုပ်ဆိုးမ** နိုင်းနိုင်း၊ ခိုင်ပွင့် [ဒါရိုက်တာ-ဆဲဗင်း I.C]
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၂၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (ဇာတ်သိမ်းပိုင်း)
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၃)

မြန်မာ့အလင်း သတင်းမှတ်စု

ရန်ကုန် မေ ၁၄

ပျော်ဘွယ်-ဘုရားငါးဆူဒေသ၌ စက်ရေတွင်း ၈၉ တွင်း တူးဖော်ပြီးစီး သီးနှံများတိုးတက်စိုက်ပျိုးနိုင်သဖြင့် တောင်သူများဝင်ငွေတိုး

သတင်းမှတ်စု ➤ မြတ်စိုး(လှိုင်)

နေပြည်တော် မေ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် နှမ်းပေါ်း၊ မိုးစပါးနှင့်ယာသီးနှံများကို မြေအောက်ရေဖြင့် ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ စက်ရေတွင်း ၁၀၀ တူးဖော်ရန် လျာထားသည့်အနက် ယခုအခါ ၈၉ တွင်း တူးဖော်ပြီးစီးခဲ့ကြောင်း သိရှိရသည်။ ထိုသို့ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မေ ၇ရက်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

တိုးတက်

အဆိုပါဒေသတွင် မြေအောက်ရေရရှိရေး လုပ်ငန်းမဆောင်ရွက်မီက လယ်မြေများတွင် မိုးစပါး ဧက ၅၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၅ တင်းမှ တင်း ၄၀သာ ထွက်ရှိခဲ့သည်။ ယခုအခါ မြေအောက်ရေရရှိရေး စီမံကိန်းအကောင်အထည်ဖော်ပြီးနောက် တူးဖော်ပြီး စက်ရေတွင်း ၈၉ တွင်းအနက် ရေလျှံတွင်း ၆၈ တွင်းမှ မြေအောက်ရေဖြင့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် မိုးစပါး ၁၇၅ ဧကစိုက်ပျိုးနိုင်ခဲ့ရာ ပျမ်းမျှအထွက်နှုန်း တစ်ဧက တင်း ၈၀ နှုန်းအထိ တိုးတက်ထွက်ရှိလာခဲ့ပြီး ပဲမျိုးစုံနှင့် အခြားသီးနှံ ၃၇၆ ဧက၊ နှမ်းပေါ်း ၁၁ ဧကကိုပါ သီးထပ်စိုက်ပျိုးလာနိုင်ခဲ့၍ တောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၄

သုတဘဏ်စာကြည့်တိုက် ရမ်းဗြဲမြို့နယ်၌ဖွင့်

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အလယ်ချောင်းကျေးရွာအုပ်စု အလယ်ချောင်းကျေးရွာတွင် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက သုတဘဏ်စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ ကျောက်ဖြူမြို့နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်၊ ရမ်းဗြဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အောင်တင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(ယာပုံ)***

ဆက်လက်၍ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် ကျောက်ဖြူမြို့နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်တို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အောင်တင်ကြည်က အမှာစကားပြောကြား၍ အလှူရှင်များက သုတဘဏ်စာကြည့်တိုက်အတွက် ရေဒီယိုနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာတံခွန် စာကြည့်တိုက် ညောင်လေးပင်၌ဖွင့်

ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာ၌ အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ဖိနပ်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး အဆောက်အအုံဖြစ်သည့် ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မေ ၁၀ ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက ငွေပဒေသာပင် ကျပ် ၂၀၀၀၀၊ ဦးရွှေအိုး-ဒေါ်တင်စိန် မိသားစုက ၁၉လက်မ တီဗွီတစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်း၊ ဦးကျော်ဝင်းစိန်-ဒေါ်အေးလှိုင်၊ ဦးစောသာဇူးမောင်မိသားစု၊ လွင်စာပေ မိသားစုတို့က စာအုပ်စာစောင်များ၊ ဦးအောင်ဇော်မိုး - ဒေါ်စန်းစန်းခိုင် မိသားစုက ပရိဘောဂများ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံ စာကြည့်တိုက်များဟောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန Studio အတွင်း လက်တွေ့လေ့ကျင့်ရိုက်ကူးနေမှုကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန် ၁၄-၅-၂၀၁၁

ချောက်မြို့ ၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့ ၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့ ၄၀ ဒီဂရီစင်တီဂရိတ်
ပေါက်မြို့ ၄၀ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု ၁၄-၅-၂၀၁၁

နေပြည်တော် (ပျဉ်းမနား) ၁ ဒသမ ၅၀ လက်မ
ပေါင်မြို့ ၃ ဒသမ ၈၂ လက်မ
ခရမ်းမြို့ ၁ ဒသမ ၇၇ လက်မ
တောင်ငူမြို့ ၁ ဒသမ ၃၄ လက်မ

မိမိတို့နိုင်ငံနှင့်လူမျိုးသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်

ယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို ထိန်းသိမ်း ဖော်ထုတ် တီထွင် ပြန့်ပွားအောင်ဆောင်ရွက်

မိမိတို့၏ အနုပညာများဖြင့် ပြည်သူလူထုအတွင်း ပျံ့နှံ့အောင်မြင်အောင် မျှော်မှန်းကြိုးပမ်း

ရန်ကုန် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ ရောက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စွယ်တော်ဆောင်ရှိ စီမံရေးရာဌာန၊ စာပေပညာဌာနနှင့် သင်တန်းရေးရာဌာနများ၊ သရဖီဆောင်ရှိ ပန်းချီ ပန်းပုပြခန်းနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ကုမုဒြာဆောင်ရှိ ဂီတ၊ သဘင်၊ ပန်းပုပညာဌာနများ၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်မှုများကိုလည်းကောင်း၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန Studio ရှိ Preview ခန်းမ၌ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းလက်ရာမွန် ဇာတ်လမ်းတိုကိုလည်းကောင်း၊ ရိုက်ကူးရေး Studio အတွင်း လက်တွေ့လေ့ကျင့်ရိုက်ကူးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ◆